# ဝက်သက်အကြောင်း ထပ်ဆောင်းလေ့လာပါ



## ဝက်သက်ဆိုတာဘာလဲ။

ဝက်သက်ဆိုသည်မှာ ဝက်သက်ရောဂါပိုးကြောင့်ဖြစ်ပွားသော အလွန်ကူးစက်လွယ်သည့်ရောဂါ ဖြစ်ပါသည်။ ဝက်သက်ရောဂါ စတင်ဖြစ်ပွားချိန်တွင် အဖျားကြီးခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်းနှင့် မျက်စိနီပြီး မျက်ရည်ကျခြင်းတို့ ဖြစ်ပွားပါသည်။ သုံးရက်မှ ငါးရက်ကြာပြီးနောက်တွင် မျက်နှာတွင် အဖုများပေါက်ပြီး ခန္ဓာကိုယ်၏ အခြားနေရာများသို့ ပျံ့နှံ့သွားပါသည်။

အချို့သောသူများတွင် ဝက်သက်သည် ဆေးရုံတင်ရခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်း၊ အဆုတ်ရောင်ခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ အသက် ၅ နှစ်အောက်ကလေးများ၊ ကိုယ်ခံအားကျဆင်းနေသူများနှင့် ကိုယ်ဝန်ဆောင်သည်များသည် အန္တရာယ်အရှိဆုံး ဖြစ်ပါသည်။

## အဖြစ်များသော ရောဂါလက္ခဏာများ

အဖျားကြီးခြင်း



ချောင်းဆိုးခြင်း



နှာရည်ယိုခြင်း



မျက်စိနီပြီး မျက်ရည်ကျခြင်း



တစ်ကိုယ်လုံး အဖုများပေါက်ခြင်း



## ဝက်သက် ဘယ်လိုကူးစက်သလဲ။

ဖျားနေသောသူတစ်ဦးက ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ အသက်ရှူခြင်း သို့မဟုတ် စကားပြောခြင်းတို့ကြောင့် ပျံ့နှံ့စေနိုင်ပါသည်။ လူတို့သည် ၎င်းလေကိုရှူရှိုက်ပါက သို့မဟုတ် မိမိတို့လက်များပေါ်တွင် ရောဂါပိုးရှိနေချိန်တွင် မျက်နှာကိုထိကိုင်ပါက ဝက်သက်ရောဂါ ကူးစက်နိုင်ပါသည်။ ဝက်သက်ရောဂါပိုးသည် လေထဲတွင် နှစ်နာရီခန့်အထိ ရှိနေနိုင်သောကြောင့် ဖျားနေသောသူ ထိုနေရာမှ ထွက်သွားပြီးသည့်တိုင်အောင် လူတို့သည် ဝက်သက်ရောဂါ ကူးစက်ခံရနိုင်ပါသည်။

## အိမ်မှာနေပြီး သင့်ဆရာဝန်ထံ ဖုန်းဆက်ပါ

သင့်ထံတွင် ဝက်သက် လက္ခဏာများရှိနေပါက ဆေးခန်းသို့ဖုန်းဆက်လိုက်ပါ။ သင့်ကြောင့်အခြားသူများ မဖျားနာစေရန် လိုက်နာရမည့် အထူးညွှန်ကြားချက်များ သူတို့က သင့်ကိုပေးပါလိမ့်မည်။ အခြားသူများကို ဝက်သက်မကူးစက်စေရန် အရေးကြီးပါသည်။ သင့်တွင်ဝက်သက်ရှိနေပါက အိမ်တွင်သာနေပါ။ သင့်မှာ အဖျားရှိနေပါက သို့မဟုတ် အဖုများပေါက်နေပါက မည်သူမျှ အိမ်လာမလည်ပါစေနှင့်။

## သင့်မိသားစုကို ဝက်သက်ရောဂါမှ ကာကွယ်ပါ

- ဝက်သက်၊ ပါးချိတ်ရောင်နှင့် ဂျိုက်သိုး (MMR) ကာကွယ်ဆေးသည် ဝက်သက်ရောဂါကိုအတွက် အထိရောက်ဆုံး အကာအကွယ်ဖြစ်ပါသည်။
- MMR ကာကွယ်ဆေးသည် ဝက်သက်ကြောင့်ဖျားနာခြင်းထက် ပို၍ အန္တရာယ်ကင်းပါသည်။
- ကလေးများသည် MMR ကာကွယ်ဆေးကို အသက်တစ်နှစ်နှင့် လေးနှစ်တွင် ထိုးပေးပါသည်။
- ငယ်စဉ်က MMR ကာကွယ်ဆေးမရရှိခဲ့သူများလည်း ထိုးနိုင်ပါသေးသည်။
- အခြားနိုင်ငံများသို့မသွားမီ နှစ်ပတ်အလိုတွင် ကာကွယ်ဆေးထိုးသင့်ပါသည်။
- အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများတွင် ဝက်သက်ရောဂါဖြစ်ပွားဆဲ ဖြစ်ပါသည်။
- ကာကွယ်ဆေးထိုးခြင်းကြောင့် သင်၊ သင့်မိသားစုနှင့် သင့်အသိုင်းအဝိုင်းကို ဖျားနာခြင်းမှ ကာကွယ်နိုင်ပါသည်။
- သင့်တွင်မေးခွန်းများရှိပါက စိတ်ချရသော ဆရာဝန်၊ သူနာပြု သို့မဟုတ် ဆေးဝါးပညာရှင်ကို စကားပြောလိုက်ပါ။
- ဤစာရွက်စာတမ်းကို အခြားဖောမက်တစ်ခုဖြင့်ရယူလိုပါက 1-800-525-0127 ကို ဖုန်းခေါ်ပါ။ နားမကြားသူများနှင့် အကြားအာရုံချို့ယွင်းနေသည့် ဖောက်သည်များ အတွက်

Washington State Department of HEALTH | Public Health Seattle & King County | Somali Health Board — Peace, Unity, Life, Health